**အရေးကြီးအသိပေးချက်**

ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare



မိဘတစ်ဦးတည်းရှိသည့်အိမ်ထောင်စု (ဤတစ်ကြိမ်အကျိုးခံစားခွင့်ငွေကိုလက်ခံပြီးခြင်း)မဟုတ်သောပုဂ္ဂိုလ်များသို့

# ကလေးပြုစုပျိုးထောင်သောအိမ်ထောင်စုဘဝ ထောက်ပံ့ရေးအထူးအကျိုးခံစားခွင့်ငွေလမ်းညွှန်ချက်

ကလေးပြုစုပျိုးထောင်သောအိမ်ထောင်စုအားထောက်ပံ့ရန်အတွက် **ထပ်မံ၍အကျိုးခံစားခွင့်ငွေ ထောက်ပံ့မှုများ**ကို အကောင်အထည်ဖော်သွားပါမည်!

## 1. ထောက်ပံ့မှုတွင်အကျုံးဝင်သူများ

①② နှစ်ချက်စလုံးနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်များ
**(※မိဘတစ်ဦးတည်းရှိသည့်အိမ်ထောင်စုအတွက်အကျိုးခံစားခွင့်ငွေကိုလက်ခံပြီးသည့်ပုဂ္ဂိုလ်များမပါ)**

① 2021 ခုနှစ် မတ်လ 31 ရက်တွင်
**18 နှစ်အောက်ကလေးများ**(မသန်စွမ်းကလေးဖြစ်ပါက **20 နှစ်အောက်**)
များကို ကျွေးမွေးစောင့်ရှောက်သည့် အဖေအမေများ

(※2022 ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မွေးဖွားခဲ့သည့်ကလေးအသစ်များလည်း အကျုံးဝင်ပါသည်။)

②
- ■2021 ဘဏ္ဍာနှစ်**နေထိုင်ခွန်(တစ်ဦးချင်းနှုန်း) ကင်းလွတ်ခွင့်ရသည့်**ပုဂ္ဂိုလ်များ

သို့မဟုတ်

- ■2021 ခုနှစ် ဇန်နဝါရီလ 1 ရက်နောက်ပိုင်းတွင် ဝင်ငွေရုတ်တရက်ပြောင်းလဲသွားပြီး **နေထိုင်ခွန်ကင်းလွတ်ခွင့်နှင့်ညီမျှသည့်**ဝင်ငွေသာရတော့သည့်ပုဂ္ဂိုလ်များ

## 2. ထောက်ပံ့မှုပမာဏ

**ကလေး 1ဦးလျှင် တစ်အိမ် ယန်း 5သောင်း**

■ထောက်ပံ့မှုနှင့်ပတ်သက်၍ လျှောက်လွှာမလိုအပ်သည့်အခြေအနေနှင့် လိုအပ်သည့်အခြေအနေဟူ၍ရှိပါသည်။ နောက်ကျောဘက်မှ ထောက်ပံ့မှုလုပ်ထုံးလုပ်နည်းများကို သေချာပေါက် ကြည့်ရှုစစ်ဆေးပါ။
စုံစမ်းမေးမြန်းရန်မှာ အောက်ပါဖုန်းနံပါတ်ကိုဆက်သွယ်ပါ။

■ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန call center

**0120-811-166** (ဖုန်းလက်ခံချိန်: ရုံးဖွင့်ရက် 9:00～18:00)

လျှောက်ထားနည်းအသေးစိတ်မှာ သင်နေထိုင်သည့်မြို့နယ်ရုံး၏ "ကလေးပြုစုပျိုးထောင်သောအိမ်ထောင်စုဘဝထောက်ပံ့ရေးအထူးအကျိုးခံစားခွင့်ငွေ(မိဘတစ်ဦးတည်းရှိသည့်အိမ်ထောင်စုမပါ)တာဝန်ခံကောင်တာ" သို့စုံစမ်းမေးမြန်းပါ။

## 3. အကျိုးခံစားခွင့်ငွေထောက်ပံ့မှုလုပ်ထုံးလုပ်နည်းများ

### I.2021 ခုနှစ် ဧပြီလအတွက် ကလေးခံစားခွင့် သို့မဟုတ် အထူးကလေးပြုစုစောင့်ရှောက်မှုခံစားခွင့်လက်ခံသူဖြစ်ပြီး နေထိုင်ခွန်ကင်းလွတ်ခွင့်ရပုဂ္ဂိုလ်

- ▶ အကျိုးခံစားခွင့်ငွေသည် **လျှောက်လွှာမလိုအပ်** ဘဲလက်ခံရရှိနိုင်ပါသည်။
- ▶ မြို့နယ်ရုံးအလိုက်တတ်နိုင်သမျှ မြန်ဆန်စွာ 2021 ခုနှစ် ဧပြီလ အတွက် ကလေးခံစားခွင့် သို့မဟုတ် အထူးကလေးပြုစုစောင့်ရှောက်မှုခံစားခွင့်ကို ထောက်ပံ့ပေးနေသည့်ဘဏ်အကောင့်ထဲသို့ထည့်သွင်းပေးပါသည်။

"သတိပြုပါ"

※ အကျိုးခံစားခွင့်ငွေထောက်ပံ့မှုအား မရယူလိုပါက ထောက်ပံ့မှုငြင်းပယ်ခြင်းအစီရင်ခံစာကို ပြန်ပို့ပေးပါ။

※ ကလေးခံစားခွင့် သို့မဟုတ် အထူးကလေးပြုစုစောင့်ရှောက်မှုခံစားခွင့်ထောက်ပံ့မှုအတွက် သတ်မှတ်ထားသည့်ဘဏ်အကောင့်ကို ဖျက်သိမ်းလိုက်ခြင်းစသည့် အကျိုးခံစားခွင့်ငွေထောက်ပံ့မှုတွင် အနှောင့်အယှက်ဖြစ်စေမည့်အခြေအနေရှိပါက ငွေထည့်သွင်းရမည့်သတ်မှတ်ဘဏ်အကောင့်ကို ပြောင်းလဲခြင်းစသည့်လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။

### Ⅱ .အထက်ပါအချက်တွင်မပါဝင်သည့်ပုဂ္ဂိုလ်များ (ဥပမာ။ အထက်တန်းကျောင်းသားကိုသာပြုစုပျိုးထောင်နေသည့်ပုဂ္ဂိုလ်များ၊ ဝင်ငွေရုတ်တရက်ပြောင်းလဲခဲ့သည့်ပုဂ္ဂိုလ်များ)

- ▶ ထောက်ပံ့ငွေရယူရန်အတွက် **လျှောက်လွှာလိုအပ်** ပါသည်။
- ▶ လျှောက်လွှာတွင် ငွေထည့်သွင်းရမည့်သတ်မှတ်ဘဏ်အကောင့်စသည်ကို ရေးသွင်းပြီး၊ လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ သင်နေထိုင်သည့်မြို့နယ်ရုံး၏ **ကောင်တာသို့တိုက်ရိုက်** သို့မဟုတ် **စာတိုက်မှတစ်ဆင့်** တင်ပြပါ။
- ▶ အကျိုးခံစားခွင့်ငွေထောက်ပံ့မှုလိုအပ်ချက်များနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်များအား လျှောက်လွှာပါအကြောင်းအရာများကို စစ်ဆေးပြီး သတ်မှတ်ထားသည့်ဘဏ်အကောင့်ထဲသို့ ငွေထည့်သွင်းပေးပါသည်။




"ကလေးပြုစုပျိုးထောင်သောအိမ်ထောင်စုဘဝထောက်ပံ့ရေးအထူးအကျိုးခံစားခွင့်ငွေ" ၏
**"ငွေလိမ်လည်ထည့်သွင်းခိုင်းမှု" "ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်များလိမ်လည်မှု"**
စသည်များကို သတိပြုပါ။

အိမ်များ၊ အလုပ်ခွင်များသို့ ခရိုင်များ၊ မြို့နယ်များ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (မှဝန်ထမ်းများ) အနေဖြင့် ဆက်သွယ်လာသည့်သံသယရှိဖွယ်ဖုန်းများ၊ စာများရရှိပါက သင်နေထိုင်သည့်မြို့နယ်ရုံးများ၊ အနီးဆုံးရဲစခန်းများ၊ သို့မဟုတ် ရဲအကြံပေးဖုန်း(#9110) သို့ဆက်သွယ်ပါ။